# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၈၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
## (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

**ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကတင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၂) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၂ ရက်၊

(၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၅) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၆ ရက်၊

**မူကြမ်း**

(၆) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ)ဦးပေါ်ကာ ခွင့် ၂ ရက်၊

(၇) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၉ ရက်၊

(၈) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၉) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၁၀) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

(၁၁) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၁၂) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၂ ရက်၊

(၁၃) မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့် ခွင့် ၂ ရက်၊

(၁၄) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၅) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၂ ရက်နှင့်

(၁၆) ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ရာတွင် အဘယ်ကြောင့် တိုးမြှင့်သတ်မှတ်သည့်လစာ ၄၅၀၀၀ိ/- အပေါ်တွင် မူတည်၍ တွက်ချက်သည်ကို သိလိုခြင်းနှင့် ၃၁-၃-၂၀၁၅ ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော လက်ရှိအငြိမ်းစားများကို ၁-၄-၂၀၁၅ မှစ၍ နောက်ပိုင်း အငြိမ်းစားယူသည့် အငြိမ်းစားဝန်ထမ်းများနည်းတူ ထပ်မံတိုးမြှင့်သည့် လစာနှုန်းထားများအပေါ် တွက်ချက်၍ ပင်စင်လစာခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မေးခွန်း(၁) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ရာတွင် အဘယ်ကြောင့် တိုးမြှင့်သတ်မှတ်သည့်လစာ ၄၅၀၀၀ိ/- အပေါ်တွင် မူတည်ပြီး တည်ဆဲပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ တိုးမြှင့်ခွင့်ပြုခြင်းကို သိရှိလိုပါသည်။ မေးခွန်း(၂) ၃၁-၃-၂၀၁၅ အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော လက်ရှိနိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို ၁-၄-၂၀၁၅ ရက်နေ့မှစ၍ နောက်ပိုင်း အငြိမ်းစားယူမည့် အငြိမ်းစားဝန်ထမ်းများနည်းတူ ထပ်မံတိုးမြှင့် လစာနှုန်းထားများအပေါ် တည်ဆဲပင်စင်ဥပဒေများနှင့်အညီ တွက်ချက်၍ ပင်စင်လစာများခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါသည်။ မရှိပါက အဘယ်ကြောင့် အစီအစဉ်မရှိကြောင်း သိရှိလိုပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ကျွန်တော် မေးရတဲ့အကြောင်းရင်းကတော့ အငြိမ်းစားဝန်ထမ်းများရဲ့ဆန္ဒ၊ သူတို့တင်ပြချက်အရ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ ဝန်ထမ်းများရဲ့လစာနှုန်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁-၄-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅၄/၂၀၁၃)ဖြင့်လည်းကောင်း၊ ၄-၄-၂၀၁၄ ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်(၅၈၇/၂၀၁၄)ဖြင့်

လည်းကောင်း အသီးသီးတိုးမြှင့်ပေးခဲ့ပါတယ်။ ထိုစဉ်က အငြိမ်းစားဝန်ထမ်းများရဲ့ပင်စင်လစာကို ဝန်ထမ်းများအား လစာနှုန်းထားများ တိုးမြှင့်ခွင့်ပြုသည့်နည်းတူ လက်ရှိပင်စင်ခံစားနေရသော အငြိမ်းစားများ လက်ရှိပင်စင်လစာအပြင် တိုးမြှင့်ခွင့်ပြုသည့်လစာအပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ အခုအခါမှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၅-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၇/၂၀၁၅)ဖြင့် နိုင်ငံ့ဝန်ထမ်းများရဲ့ အဆင့်(၁)မှ (၁၃)အထိ လစာနှုန်းထားများကို တိုးမြှင့်သတ်မှတ်ပေးခဲ့တဲ့အတွက် ဝန်ထမ်းအားလုံး ပီတိဖုံးရသကဲ့သို့ အငြိမ်းစားဝန်ထမ်းများလည်း ဝမ်းသာပီတိဖြစ်ခဲ့ရပြီး ယခင်(၂)ကြိမ်အတိုင်း တိုးမြှင့်ခွင့်ပြုသည့်လစာနှုန်းထားအတိုင်း ရာထူးအဆင့်အလိုက် တည်ဆဲပင်စင်ဥပဒေနှင့်အညီ တွက်ချက်ပြီး ပင်စင်လခတွေ ခံစားရမယ်လို့ မျှော်လင့်နေကြရပါတယ်။ ဒါပေမဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၅၉/၂၀၁၅)ဖြင့် နိုင်ငံတော်အတွင်းနေထိုင်ကြသော ပင်စင်ခံစားနေကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာထပ်မံတိုးမြှင့်သည့်အစား အနိမ့်ဆုံးဝန်ထမ်းရဲ့ တိုးမြှင့်တဲ့လစာ ၄၅၀၀၀/- အပေါ်မူတည်ပြီးတော့ တည်ဆဲပင်စင်နည်းဥပဒေနှင့် အညီတွက်ချက်၍ တိုးမြှင့်ပင်စင်လစာအဖြစ် ၁-၄-၂၀၁၅ မှစ၍ ခံစားခွင့်ပြုကြောင်း ထုတ်ပြန်ခဲ့ပါသည်။ တိုးမြှင့်သတ်မှတ်သည့်လစာ ၄၅၀၀၀/- မှာ အောက်ဆုံးအဆင့်(၁) ဝန်ထမ်း၏ မူလလစာနှုန်း (၇၅၀၀၀-၁၀၀၀-၈၀၀၀၀)နှင့် တိုးမြှင့်လစာနှုန်း(၁၂၀၀၀၀- ၂၀၀၀- ၁၃၀၀၀၀)တို့မှ ကနဦးလစာ ခြားနားငွေ(၁၂၀၀၀၀-၇၅၀၀၀)=၄၅၀၀၀/- ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အငြိမ်းစားဝန်ထမ်းများသည်လည်း နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် လက်ရှိဝန်ထမ်းများ နည်းတူ စားဝတ်နေရေးနှင့် လူမှုကိစ္စအဖုံဖုံကို ရင်ဆိုင်ဖြေရှင်းနေကြရသူများ ဖြစ်ပါတယ်။ သို့ပါ၍ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နောက်ပိုင်း အငြိမ်းစားယူမည့်ဝန်ထမ်းများနှင့် လုပ်သက်ဆုကြေးငွေခံစားခွင့် မတူညီသော်လည်း ပင်စင်လစာနှုန်းထားကိုမူ တန်းတူအခွင့်အရေးရရှိရန် မျှော်လင့်လျက်ရှိကြပါသည်။ သို့ပါ၍ အငြိမ်းစားဝန်ထမ်းများ၏ဆန္ဒအရ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာအား တိုးမြှင့်သတ်မှတ်ခြင်း ကိစ္စအပေါ် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးနိုင်ပါရန် အထက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသ ကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ရဲ့ မေးခွန်း(၂)ခုနဲ့ ပတ်သက်လို့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမ မေးခွန်းဖြစ်တဲ့ အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ရာမှာ အဘယ် ကြောင့်တိုးမြှင့်သတ်မှတ်သည့်လစာ ၄၅၀၀ဝ/- အပေါ်တွင် မူတည်ပြီး တည်ဆဲပင်စင်နည်းဥပဒေနှင့် အညီတွက်ချက်၍ တိုးမြှင့်ခွင့်ပြုခြင်းကိုသိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေ ကြားမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၅၉/၂၀၁၅)နဲ့ ပင်စင်ခံစားနေတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ တပ်မတော်အငြိမ်းစားများအပါအဝင်ကို လက်ရှိပင်စင်လစာအပြင် ထပ်တိုး ကျပ် ၄၅၀၀၀ အပေါ် မူတည်ပြီး တည်ဆဲပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ တိုးမြှင့်ပင်စင်လစာအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလမှစ၍ ခံစားခွင့်ပြုခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၅၂ နည်းဥပဒေခွဲ(ဇ)မှာ ဝန်ထမ်း တစ်ဦးရဲ့ပင်စင်အကျိုးခံစားခွင့်ကို ယင်းဝန်ထမ်းပင်စင်ယူသည့်အချိန်၌ တည်ဆဲနည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၄၆ နည်းဥပဒေခွဲ(ခ)မှာ သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ လျော်ကြေးပင်စင်ယူရာမှာ ပင်စင် အကျိုးခံစားခွင့်ရှိတဲ့ လုပ်သက် ၁၀ နှစ်နှင့်အထက်ရှိတဲ့ကိစ္စနှင့် နှစ်ပြည့်ပင်စင်၊ လျှော့ပေါ့ပင်စင်ယူ သည့်ကိစ္စများမှာ ပင်စင်လစာနှင့် လုပ်သက်ဆုငွေကို တင်ပြပါအတိုင်း တွက်ချက်ခွင့်ပြုဖို့ ပြဋ္ဌာန်းခဲ့ ပါတယ်။ ဒီတွက်ချက်တဲ့နည်းလမ်းကတော့ လုပ်သက်နှစ် x နောက်ဆုံးထုတ်လစာ x ၁.၅ ရာခိုင်နှုန်း ဒါက ပင်စင်လစာဖြစ်ပါတယ်။ လုပ်သက်ဆုငွေအတွက်ကတော့ လုပ်သက်နှစ် x နောက်ဆုံးထုတ်လစာ x ၅၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ စာရင်းအရ နိုင်ငံတော်က လုံးဝတာဝန်ယူထောက်ပံ့ပေးလျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများရဲ့ အင်အားအခြေအနေဟာ အရပ်ဘက်၊ စစ်ဘက် စုစုပေါင်း ၈၀၇၀၅၃ ဦး ခန့်ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံ

**မူကြမ်း**

များစွာအနက် နိုင်ငံတော်အစိုးရက တာဝန်ယူပြီးထောက်ပံ့တဲ့ နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံများ များစွာမရှိတော့ပါ။ ပင်စင်ရန်ပုံငွေထူထောင်ပြီး ကျင့်သုံးနေကြသောနိုင်ငံမှာ နိုင်ငံအများစု ဖြစ်ပါတယ်။ အချို့နိုင်ငံများမှာ သက်ဆုံးတိုင်ပင်စင်ပေးခြင်းမျိုးလည်း မရှိတော့ပါ။ မိမိတို့နိုင်ငံမှာ နိုင်ငံတော်အစိုးရအဆက်ဆက်က နိုင်ငံ့ဝန်ထမ်းများအပေါ် စေတနာအရင်းခံဖြင့် အသက်ထက်ဆုံး ပင်စင်လစာခံစားခွင့်ပြုထားခြင်း၊ မိသားစုပင်စင်ကိုလည်း ဥပဒေနှင့်အညီ ခံစားစေခြင်းတို့ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံတော်အနေနဲ့ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများအတွက် မျက်ခြေမပြတ် စဉ်းစားသုံးသပ်ဆောင်ရွက်ပေးလျက်ရှိသလိုပဲ အငြိမ်းစားဝန်ထမ်းများအတွက်လည်း ထည့်သွင်းစဉ်းစားသုံးသပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် နိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင် လစာတိုးစဉ် ပင်စင်လစာငွေအတွက် ငွေကျပ် ၁၁၁.၉၀၅ ဘီလီယံ၊ ၂၀၁၃ ခုနှစ် နိုင်ငံ့ဝန်ထမ်း များရဲ့လစာနှင့် အငြိမ်းစားများရဲ့ပင်စင်လစာကို ကျပ် ၂၀၀၀၀ တိုးစဉ်က ငွေကျပ် ၁၁၄.၉၉၆ ဘီလီယံ နှင့် ၂၀၁၄ ခုနှစ် နိုင်ငံ့ဝန်ထမ်းများရဲ့လစာနှင့် အငြိမ်းစားများရဲ့ပင်စင်လစာကို ကျပ် ၂၀၀၀၀ တိုးစဉ်က ငွေကျပ် ၁၁၇.၁၆၄ ဘီလီယံ အသီးသီးတိုးမြှင့်သုံးစွဲခဲ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာ နှုန်းထားကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်မှာ ရာထူးအဆင့်အတန်းအားလုံးကို ကျပ် ၂၀၀၀၀ စီ တစ်ပြေးညီတိုးမြှင့်ခဲ့ပြီးတော့မှ အငြိမ်းစားများကိုလည်း လက်ရှိပင်စင်လစာအပြင် တိုးမြှင့်ခွင့်ပြုတဲ့ လစာကျပ် ၂၀၀၀၀ အပေါ်မှာ ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်ခံစားခွင့်ပြုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် လစာနှုန်းတိုးချိန်မှာ အားလုံးတစ်ပြေးညီတိုးမြှင့်ခြင်းမဟုတ်ဘဲနဲ့ ရာထူးအဆင့်အလိုက်ကို လစာ တိုးမြှင့်မှုက အနည်းငယ်စီကွာခြားမှုတွေရှိပါတယ်။ ရာထူးအဆင့် အနိမ့်ဆုံးဝန်ထမ်းရဲ့မူရင်းလစာ ၇၅၀၀၀ ကို ကျပ် ၄၅၀၀၀ တိုးမြှင့်ပြီးတော့ ကျပ် ၁၂၀၀၀၀ သတ်မှတ်ခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ကြောင့် ၁-၄-၂၀၁၅ ရက်နေ့မတိုင်ခင်က ပင်စင်ယူခဲ့တဲ့သူများအတွက် ပင်စင်လစာတိုးမြှင့်သတ်မှတ် ပေးနိုင်ရန်မှာ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ အခြေအနေပေါ်မူတည်ပြီး ရာထူးအဆင့် အနိမ့်ဆုံးဝန်ထမ်း အတွက် တိုးမြှင့်ငွေကျပ် ၄၅၀၀၀ ကိုအခြေခံလျက် တွက်ချက်သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလို တိုးမြှင့်သတ်မှတ်ခဲ့တဲ့အတွက် ငွေကျပ် ၂၂၅. ၀၆၀ ဘီလီယံ တိုးမြှင့်သုံးစွဲရမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ၃၁-၃-၂၀၁၅ အထိ တာဝန် ထမ်းဆောင်ခဲ့ကြသော လက်ရှိနိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို ၁-၄-၂၀၁၅ မှစ၍ နောက်ပိုင်း အငြိမ်း စားယူမယ့် အငြိမ်းစားဝန်ထမ်းများနည်းတူ ထပ်မံတိုးမြှင့်လစာနှုန်းထားများအပေါ် တည်ဆဲပင်စင် နည်းဥပဒေများနှင့်အညီ တွက်ချက်၍ ပင်စင်လစာများခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါ

**မူကြမ်း**

သည်။ မရှိပါက အဘယ်ကြောင့်အစီအစဉ်မရှိကြောင်း သိရှိလိုပါသည် မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားပါမယ်။ ၂၀၁၅ ခုနှစ် နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားများတိုးမြှင့်စဉ်မှာ နိုင်ငံတော်အနေနဲ့ တစ်နှစ်စာအတွက် လစာအသုံးစရိတ်စုစုပေါင်း ကျပ် ၂၉၀၁ ဘီလီယံ သုံးစွဲရပြီးတော့မှ ပင်စင်လစာ နှင့်ဆုကြေး(ပြည်ထောင်စုအတွက်)ကို ကျပ် ၇၉၈ ဘီလီယံ သုံးစွဲရပါတယ်။ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ အရအသုံးအနေအထားအရ ပင်စင်စားဟောင်းတွေကို လက်ရှိပင်စင်လစာအပြင် ရာထူးအဆင့် အနိမ့်ဆုံးဝန်ထမ်းအတွက် ထပ်မံတိုးမြှင့်သတ်မှတ်တဲ့လစာ ကျပ် ၄၅၀၀၀ ပေါ်မူတည်ပြီး တည်ဆဲပင်စင် နည်းဥပဒေနှင့်အညီ တွက်ချက်ခံစားခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အရအသုံး အခြေအနေပေါ်မူတည်ပြီးတော့မှ အဖက်ဖက်မှ ထည့်သွင်းစဉ်းစားသုံးသပ်ပြီးမှ အသုံးစရိတ်ခွဲဝေမှု များကို ပြုလုပ်ရခြင်းဖြစ်တဲ့အတွက် ပင်စင်စားဟောင်းများအတွက် ပင်စင်လစာကို ၁-၄-၂၀၁၅ နောက်ပိုင်း အငြိမ်းစားဝန်ထမ်းများနည်းတူ ခံစားခွင့်ပြုပေးဖို့ အစီအစဉ်မရှိသေးကြောင်း တင်ပြလိုပါတယ်။ နောင် နိုင်ငံတော်ရဲ့ဘတ်ဂျက်အခြေအနေ ကောင်းမွန်တိုးတက်လာတာနဲ့အမျှ နိုင်ငံ့ဝန်ထမ်း လစာများ၊ အငြိမ်းစားဝန်ထမ်းလစာများကိုပါ တိုးမြှင့်ခံစားနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင် ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာကျပ်ငွေ ဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများ အမေရိကန်ဒေါ်လာများနှင့် နှိုင်းယှဉ်ပါက မည်မျှ တန်ဖိုးကျသင့်နေကြောင်းကို နေ့စဉ်မီဒီယာများမှ ပြောကြားပေးရန်နှင့် မြန်မာကုန်သည်များအတွက် စီးပွားရေးဆိုင်ရာအချက်အလက်များ အထူးအစီအစဉ်အနေဖြင့် ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဦး၊ မြဝတီမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ နိုင်ငံတော်နှင့် နိုင်ငံသား အကျိုး ဒီထက်ပို၍ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်ပြီးတော့ လယ်ယာ ထွက်ကုန်ကိုသာ အဓိကထား တင်ပို့နေရတဲ့နိုင်ငံဖြစ်ပါတယ်။ ယခုအခါမှာ တရုတ်ငွေကြေးဈေးကွက်

အကြပ်အတည်းဖြစ်ပေါ်နေတယ်လို့ ကြားသိရပြီးတော့ မြန်မာ့ဆန်များ ဝယ်ယူသည့်ကုန်သည်တွေကို တဖက်နိုင်ငံအစိုးရမှ နယ်စပ်မှာဖမ်းဆီးကြောင်း ကြားသိရပြီး ဆန်အဝယ်ရပ်ဆိုင်းနေသည်ဟု သိရပါတယ်။ လယ်ယာထွက်ကုန်များဝယ်ယူတဲ့ အိမ်နီးချင်းသုံးနိုင်ငံအနက်မှာ အဝယ်လက်ကြီးတဲ့နိုင်ငံတစ်ခုက နေပြီးတော့ အဝယ်ရပ်ဆိုင်းခဲ့သည့်ရှိသော် မြန်မာ့ငွေကြေးဈေးကျမှုလည်း ဖြစ်ပေါ်လာနိုင်သည်ဟု သိရပါတယ်။ သို့ဖြစ်ပါ၍ မေးခွန်း(၁) မြန်မာကျပ် ငွေဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများ၊ အမေရိကန်ဒေါ်လာများနှင့် နှိုင်းယှဉ်ပါက မည်မျှတန်ဖိုးကျသင့်နေကြောင်းကို နေ့စဉ်မီဒီယာများမှ ပြောကြားပေးရန်နှင့် အလားအလာများ တွက်ဆ၍ သတင်းထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) မြန်မာကုန်သည်များအတွက် စီးပွားရေးဆိုင်ရာအချက်အလက်များ မကြာခဏအထူးအစီအစဉ်အနေဖြင့် ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးရဲထွဋ်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအနေနဲ့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးရဲ့ ငွေလဲလှယ်နှုန်းနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ထုတ်ပြန်ပေးရေးနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြဖြေကြားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ နေ့စဉ်သတ်မှတ်ထားတဲ့ အမေရိကန်ဒေါ်လာ ရည်ညွှန်းငွေလဲလှယ်နှုန်းနဲ့ အိမ်နီး ချင်းနိုင်ငံများရဲ့ ငွေကြေးနှုန်းများအပါအဝင် အခြားငွေကြေး ၃၇ မျိုးရဲ့ တန်းဖိုးများကို နှိုင်းယှဉ်ပြီး ဗဟိုဘဏ်ရဲ့ Internet Website မှာ နေ့စဉ်ဖော်ပြပေးလျက်ရှိပါတယ်။ ထို့အပြင် ဗဟိုဘဏ်နဲ့ ပတ်သက်တဲ့ ငွေရေးကြေးရေးဆိုင်ရာအချက်အလက်များကိုလည်း ၎င်း Internet Website မှာ ပုံမှန်ဖော်ပြပေးလျက်ရှိပြီး မီဒီယာများအနေနဲ့လည်း ၎င်း Website မှ ဖော်ပြထားတဲ့ အချက်အလက်များကို ကိုးကားအသုံးပြုလျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ရတနာပုံ Call Center မှတစ်ဆင့် ထုတ်လွှင့်နေတဲ့ နေ့စဉ်အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေ လဲလှယ်နှုန်း၊ အိမ်နီးချင်းနှင့် အာဆီယံနိုင်ငံများ၏ ငွေကြေး

ဈေးနှုန်းအချက်အလက်များကိုရယူပြီး မြန်မာ့အသံက ထုတ်လွှင့်နေတဲ့ နေ့စဉ်ကုန်စည်ငွေကြေး ဈေးနှုန်းသတင်းမှာ ဖော်ပြပေးလျက်ရှိပါတယ်။

တောင်သူလယ်သမားများနှင့်ပတ်သက်ပြီး မိမိတို့ ထုတ်လုပ်တဲ့သီးနှံများရဲ့ ဈေးနှုန်းကို သိရှိနိုင်ဖို့အတွက် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့တစ်ခုဖြစ်တဲ့ Inter News အဖွဲ့နှင့်ပူးပေါင်းပြီး ကုန်စည်ဒိုင်များမှ ကုန်ဈေးနှုန်းများကို ကောက်ခံကာ လယ်ယာ/စီးပွားသတင်းအဖြစ်နဲ့ သီးနှံဈေးနှုန်းကို စာတန်းထိုးပြီး နေ့စဉ်ဖော်ပြပေးလျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံအတွင်း စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကိုအခြေခံပြီး သတင်းတိုများ၊ မှတ်တမ်းများ၊ တွေ့ဆုံမေးမြန်းခန်းများပါဝင်တဲ့ စီးပွားရေးသတင်းအစီအစဉ် (Business News) ကို စနေနေ့နှင့် တနင်္ဂနွေနေ့များမှာလည်းကောင်း၊ Money Talk အစီအစဉ်ကို အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့များမှာလည်းကောင်း၊ ကုန်ဈေးနှုန်းများနှင့် ပတ်သက်ပြီး ဈေးကွက်အခြေအနေများကို ဆွေးနွေးတဲ့ လူမှုစီးပွားဘဝ မြင်ကွင်းများအစီအစဉ်ကို တနင်္လာနှင့် အင်္ဂါနေ့များမှာလည်းကောင်း ထုတ်လွှင့်လျက်ရှိပါတယ်။

အလားတူပဲ Farmer Channel မှာလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပေးပို့တဲ့အချက်အလက်များကို ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါတယ်။ ဒါပေမဲ့လည်း လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေများအရ ငွေလဲလှယ်နှုန်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိရန် လိုအပ်တယ်လို့ သုံးသပ်မိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတဲ့အတိုင်းပဲ ကျွန်တော်တို့ ဗဟိုဘဏ်က သတင်းအချက်အလက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက နေ့လယ် ၁၁ နာရီ၊ နေ့လယ် ၁ နာရီ၊ ညနေ ၄ နာရီနှင့် ၆ နာရီများမှာ လေးကြိမ်ထုတ်လွှင့်ပေးဖို့အတွက် စီစဉ်ဆောင်ရွက်သွားပါ့မယ်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအပေါ်မှာရှိတဲ့ သတင်းစာများတွင် လက်ရှိအခြေအနေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်များကို ဖော်ပြပေးလျက်ရှိပြီး ငွေလဲလှယ်နှုန်းအပါအဝင် ကျန်ကုန်ဈေးနှုန်းများကိုလည်း ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ အလားအလာတွက်ဆမှုများကို ဖော်ပြပေးရန်ကိစ္စနှင့်ပတ်သက်လို့တော့ နိုင်ငံပိုင်မီဒီယာများမှာ အဲဒီလိုအလားအလာများကို ဖော်ပြပေးမယ်ဆိုရင် မလိုလားအပ်တဲ့ ရိုက်ခတ်မှုများရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ လောလောဆယ်ဆောင်ရွက်ရန် မသင့်သေးကြောင်း တင်ပြအပ်ပါတယ်။ အခြားအခြေအနေများ၊ ထူးခြားတဲ့အခြေအနေများမှာ သက်ဆိုင်ရာဝန်ကြီးဌာနများကလိုအပ်လို့ အထူးသတင်းထုတ်ပြန်ချက်များရှိမယ်ဆိုရင်လည်း ပြန်ကြားရေးဝန်ကြီးဌာန

လက်အောက်မှာရှိတဲ့ Website များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များနှင့် သတင်းစာများမှ ထုတ်ပြန်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နည်းပညာတက္ကသိုလ်၊ ဝိဇ္ဇာ၊ သိပ္ပံနှင့် အခြားတက္ကသိုလ်များတွင် အကြောင်းအမျိုးမျိုးကြောင့် သင်တန်းရပ်နားခဲ့ကြသည့် မဟာဘွဲ့၊ ပါရဂူဘွဲ့တက်ရောက်ဆဲ တက္ကသိုလ်ကျောင်းသား/သူ၊ သင်တန်းသား/သူများအား ဆက်လက်ပညာဆည်းပူးတက်ရောက်ခွင့် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ရွှေ ဝေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်ရဲ့ကျန်းမာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ နည်းပညာတက္ကသိုလ်၊ ဝိဇ္ဇာ၊ သိပ္ပံနှင့် အခြားတက္ကသိုလ်များမှာ အကြောင်းအမျိုးမျိုးနဲ့ မဟာဘွဲ့၊ ပါရဂူဘွဲ့တက်ရောက်ဆဲ တက္ကသိုလ်ကျောင်းသူကျောင်းသား၊ သင်တန်းသူသင်တန်းသားအချို့ဟာဆိုလို့ရှိရင် သင်တန်းချိန်တွေမှာ၊ သင်တန်းတက်ဆဲမှာ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းပြည်ပလုပ်ငန်းများမှာ လုပ်ငန်းခွင်များကို ဝင်ရောက်လုပ်ကိုင်ခဲ့ကြပါတယ်။ အခုအခါမှာဆိုရင် မြန်မာနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုရရှိလာပြီးတော့ စီးပွားရေးအခြေအနေတွေလည်းကောင်းမွန်လာပါတယ်။ ပြည်တွင်းပြည်ပမှာလုပ်ကိုင်ခဲ့တဲ့ ဒီလူငယ်တွေဟာဆိုလို့ရှိရင်လည်း သူတို့ဟာ အတိုင်းအတာတစ်ခုအထိ ပြည့်စုံသွားပြီဖြစ်တဲ့အတွက် မူလတက်ရောက်နေတဲ့ သင်တန်းတွေကို ဆက်လက်ပြီးတော့ တက်ရောက်လိုတဲ့ ဆန္ဒတွေရှိကြပါတယ်။ အဲဒီလို တက်ရောက်ခွင့်ရရှိမယ်ဆိုလို့ရှိရင်တော့ အဲဒီကာယကံရှင် လူငယ်တွေရော၊ တိုင်းပြည်အတွက်ပါ အများကြီးအကျိုးရှိမှာဖြစ်ပါတယ်။ အထောက်အကူရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကြောင်းအမျိုးမျိုးကြောင့် မဟာဘွဲ့၊ ပါရဂူဘွဲ့တက်ရောက်ဆဲ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ သင်တန်းသူသင်တန်းသားများကို ဆက်လက်ပညာဆည်းပူးခွင့်၊ တက်ရောက်ခွင့်ရှိ/မရှိနှင့် ပညာဆက်လက်ဆည်းပူး တက်ရောက်ခွင့်ရမယ်ဆိုပါက ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့အစီအစဉ်နဲ့ တကယ်လို့ အစီအစဉ်မရှိဘူးဆိုလို့ရှိရင်လည်း ဘာကြောင့်လည်းဆိုတာကို ကျွန်တော်တို့ အဲဒီလူငယ်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဂါရဝပြုဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ ဇော်မင်းအောင်က ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ရွှေရဲ့ နည်းပညာတက္ကသိုလ်၊ ဝိဇ္ဇာ၊ သိပ္ပံနှင့် အခြားတက္ကသိုလ်များတွင် အကြောင်းအမျိုးမျိုး ကြောင့် မဟာဘွဲ့၊ ပါရဂူဘွဲ့တက်ရောက်ဆဲတက္ကသိုလ် ကျောင်းသားကျောင်းသူ၊ သင်တန်းသား သင်တန်းသူများအား ဆက်လက်ပညာဆည်းပူးတက်ရောက်ခွင့်ရှိ/မရှိ၊ ပညာဆက်လက်ဆည်းပူး တက်ရောက်ခွင့်ရမည်ဆိုပါက မည်သို့ဆောင်ရွက်ရမည်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်လဲ ဆိုသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန အောက်မှာရှိတဲ့ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များမှာ ဘွဲ့လွန်(မဟာဘွဲ့)တက်ရောက်ဆဲ တက္ကသိုလ် ကျောင်းသား ကျောင်းသူများဟာ အကြောင်းအမျိုးမျိုးကြောင့် သင်တန်းမှ ခေတ္တရပ်နားမည်ဆိုပါက ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ဝေခဲ့တဲ့ မဟာဘွဲ့သင်တန်း လက်စွဲအပိုဒ်(၃)အရ အများဆုံးကင်းကွာခွင့်ကို ပညာသင်နှစ်(၃)နှစ် ကင်းကွာခွင့်ပြုထားပါတယ်။ တက္ကသိုလ်ဆရာဆရာမများနှင့် ဝန်ထမ်းများဖြစ်ပါ က အဆိုပါကင်းကွာမှုကိုတော့ နှစ်ကန့်သတ်ချက်မရှိဘဲနဲ့ အကြောင်းပြချက်ခိုင်လုံပါက တက်ရောက် ခွင့်ပေးပါတယ်။ ပါရဂူဘွဲ့သင်တန်းသားများဟာ အကြောင်းအမျိုးမျိုးကြောင့် သင်တန်းမှ နုတ်ထွက်ခဲ့ လျှင်လည်း ပါရဂူသင်တန်းဝင်ခွင့်စာမေးပွဲကို ပြန်လည်ဖြေဆိုစေပြီးတော့ ပါရဂူဘွဲ့ကြိုသင်တန်းကို ဆက်လက် တက်ရောက်ခွင့်ရှိမှာဖြစ်ပါတယ်။ ဘွဲ့လွန်(မဟာဘွဲ့) ဆက်လက်တက်ရောက်လိုကြောင်း လျှောက်ထားလာပါက ကျောင်းဝင်ခွင့်မှတ်ပုံတင်ပြီးတော့ ဆက်လက်တက်ရောက်နိုင်မှာဖြစ်ပါတယ်။ အခြားတက္ကသိုလ်သို့ ပြောင်းရွှေ့ တက်ရောက်လိုပါကလည်း နောက်ဆုံးတက်ရောက်ခဲ့တဲ့တက္ကသိုလ်မှ ကျောင်းပြောင်းလက်မှတ်ရယူပြီးတော့ တက်ရောက်ခွင့်ပြုလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။ တစ်ဆက်တည်းမှာပဲ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ နည်းပညာတက္က

သိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းရပ်နားထားသူများ၊ သင်တန်းကျရှုံးသူများ အပါအဝင် ကျောင်းပြန်လည်တက်ရောက်လိုပါက ဝန်ထမ်းမဟုတ်တဲ့ ပြင်ပကျောင်းသားကျောင်းသူများအနေနဲ့ နောက်ဆုံးတက်ရောက်ခဲ့တဲ့ တစ်နည်းအားဖြင့် ရပ်နားထားခဲ့တဲ့ တက္ကသိုလ်ရဲ့ထောက်ခံချက်နဲ့ လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံနဲ့တကွ မိမိတက်ရောက်လိုသော တက္ကသိုလ်ကို တိုက်ရိုက်လျှောက်ထားဖို့ လိုမှာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ဝန်ထမ်းသင်တန်းသားများအဖြစ် သင်တန်းအသီးသီးသို့ တက်ရောက်လိုသူများအားလုံးဟာ အကြောင်းကြောင်းကြောင့် သင်တန်းများမှရပ်နားထားသူများ၊ သင်တန်းမှနုတ်ထွက်ထားသူများ၊ သင်တန်းမှကျရှုံးသူများ အပါအဝင် မိမိတို့တက်ရောက်လိုတဲ့ တက္ကသိုလ်များကို တိုက်ရိုက်လျှောက်ထားဖို့ လိုမှာဖြစ်ပါတယ်။ တက္ကသိုလ်များအနေနဲ့လည်း အထက်ပါစာပိုဒ်ခွဲ(က)နှင့်(ခ)ပါ သင်တန်းသားအမျိုးအစားများ လျှောက်ထားလာပါက ဝင်ခွင့်စစ်ဆေး၍ လက်ခံခြင်း၊ ဝင်ခွင့်စစ်ဆေးရန် မလိုအပ်ပါက သက်ဆိုင်ရာတက္ကသိုလ်များရဲ့စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ရဲ့ဆုံးဖြတ်ချက်အရ လက်ခံခြင်း၊ ငြင်းပယ်ခြင်းစသည်တို့ကို မိမိတို့တက္ကသိုလ် အလိုက်သတ်မှတ်ထားတဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါ တက္ကသိုလ်များအနေနဲ့လည်း ကျောင်းပြန်လည်တက်ရောက်ခွင့်လျှောက်ထားလာသူများအတွက် ၎င်းတို့တက္ကသိုလ်များမှာ ဖွင့်လှစ်ထားတဲ့သင်တန်းများမှာ အကျုံးဝင်မှုရှိပါက သက်ဆိုင်ရာ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဖြည့်စွက်ပြီးတော့ တင်ပြရမယ်ဆိုရင် အမျိုးသားပညာရေးဥပဒေရဲ့ဆက်စပ်ဥပဒေတစ်ခုဖြစ်တဲ့ အဆင့်မြင့်ပညာရေးဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက ၎င်းဥပဒေနဲ့အကျုံးဝင်တဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအားလုံးဟာ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၁၉-၈-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်နည်းဥပဒေခွဲ(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၉-၈-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၁-၈-၂၀၁၅ ရက်

(သောကြာနေ့) ညနေ ၄း၀၀ နာရီ အချိန် နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေးဆွဲခဲ့တဲ့ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ မူကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပေးနိုင်ပါရန် တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆဲဥပဒေအဖြစ် အသုံးပြုခဲ့တဲ့ လမ်းမကြီးများဥပဒေပါ မူလပြဋ္ဌာန်းချက်များအနက် မျက်မှောက်ကာလနှင့် ဆီလျော်မှုမရှိတဲ့၊ ပြင်ဆင်ရန် လိုအပ်တဲ့အချက်များကို ၂၀၁၃-၂၀၁၄ ခုနှစ်များအတွင်း ကျင်းပခဲ့တဲ့ လွှတ်တော်အစည်းအဝေးများမှာ တင်ပြခဲ့ပြီး ဆွေးနွေးအတည်ပြုချက်ရရှိတဲ့အတွက် ၂၄-၇-၂၀၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၃) ဖြင့် အတည်ပြုထုတ်ပြန်ထားရှိခဲ့ပါတယ်။ ယခုအခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ဖွဲ့စည်းပုံကို ဖွဲ့စည်းပုံအသစ်နဲ့ အတည်ပြုတိုးချဲ့ဖွဲ့စည်းမှုအရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနဲ့ အဆောက်အဦဦးစီးဌာနဟု တိုးချဲ့ပြောင်းလဲ ဖွဲ့စည်းပေးထားပြီး ဖြစ်ပါတယ်။ ဒီ့အတွက် ယခုပြင်ဆင်ရန်တင်ပြထားရှိတဲ့ လမ်းမကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းမှာပါရှိတဲ့ ယခင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ပြောင်းလဲဖွဲ့စည်းသည့် လမ်းဦးစီး ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်လိုခြင်းဖြစ်ပါ၍ ပြည်သူ့

လွှတ်တော်တွင် ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီအရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) လမ်းမကြီးများ ဖောက်လုပ်ခြင်းကြောင့် (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ) တစ်ခုနှင့်တစ်ခုကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသား

စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းမကြီးများ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(င) လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၆-၈-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဤပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ် (၂)ပိုဒ်ပါရှိပါသည်။

(ခ) လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၄-၇-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၃၃/၂၀၁၄ ဖြင့် ပထမအကြိမ်ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ပြီးဖြစ်၍ ယခုပြင်ဆင်သည့် ဥပဒေကြမ်း၏ခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

(၁၃၇၇ ခုနှစ်၊ လ ရက်)

(၂၀၁၅ ခုနှစ်၊ လ ရက်)

**မူကြမ်း**

(ဂ) အပိုဒ် ၁ နဲ့ပတ်သက်ပြီး ဤဥပဒေကို လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဥပဒေကြမ်း ကော်မတီ။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင် ရာနည်းဥပဒေ ၁၈၆ ၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၁-၈-၂၀၁၅ ရက် (သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်း ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေးဆွဲခဲ့တဲ့ အမြန်လမ်းမကြီးဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ လမ်းမကြီး

များရှိသလိုပဲ ကျွန်တော်တို့မှာ အမြန်လမ်းမကြီးဆိုတာ ရန်ကုန်-မန္တလေးလမ်း တစ်လမ်းသာ တည်ရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်းပဲ လမ်းမကြီးများဥပဒေနဲ့ကွဲပြားပြီးတော့ အမြန်လမ်းမကြီးဥပဒေဆိုပြီးတော့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက အမြန်လမ်းမကြီးဥပဒေကို ၂၀၁၃ ခုနှစ်မှာ စတင်ရေးဆွဲဆောင်ရွက်ခဲ့ပြီးတော့ လွှတ်တော်အဆင့်ဆင့်မှာ တင်ပြဆွေးနွေးပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၂၄ ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီအတည်ပြုထားပြီးဖြစ်တဲ့ အမြန်လမ်းမကြီးဥပဒေမှာပါဝင်တဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုတဲ့ ဌာနဟာ ယခုဝန်ကြီးဌာန ဖွဲ့စည်းပုံအသစ်မှာ ပါဝင်တော့ခြင်းမရှိတဲ့အတွက် လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ အဆောက်အအုံဦးစီးဌာနဟု ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဌာနများရဲ့ လုပ်ငန်းတာဝန်အရ သက်ဆိုင်တဲ့ ဦးစီးဌာနရဲ့ စကားရပ်နဲ့အစားထိုးပြင်ဆင်ရန်လိုအပ်လျက်ရှိပါတယ်။ ဒီအတွက်ကြောင့် ယခုပြင်ဆင်ရန် တင်ပြထားရှိတဲ့ အမြန်လမ်းမကြီးဥပဒေမူကြမ်းမှာပါရှိတဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုတဲ့ စကားရပ်ကို ပြောင်းလဲဖွဲ့စည်းတဲ့ လမ်းဦးစီးဌာနဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်လိုခြင်းဖြစ်ပါ၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးစဉ်စားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

## အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့

လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၂၉-၇-၂၀၁၅ ရက်နေ့ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် မော်တော်ယာဉ်များသွားလာမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်၊

(ခ) အမြန်လမ်းမကြီးများကို အသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လမ်းလုံခြုံမှုနှင့် သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) အမြန်လမ်းမကြီးများကို အသုံးပြု၍ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ တိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) အမြန်လမ်းမကြီးများကို ဒေသတွင်းနိုင်ငံများ၏ အမြန်လမ်းမကြီးများနှင့် ကွန်ယက်ချိတ်ဆက်ခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၆-၈-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ယင်းပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ် (၂)ပိုဒ် ပါရှိပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ တွင်ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်အစဉ်(၂/၂၀၁၅)၏ သဘောတူ

ခွင့်ပြုချက်အရ ၁-၄-၂၀၁၅ ရက်နေ့မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် အမြန်လမ်းမကြီးများဥပဒေတွင်ပါရှိသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုသည့် စကားရပ်ကို လမ်းဦးစီးဌာနဟု ပြင်ဆင်သည်ကို လေ့လာတွေ့ရှိရသဖြင့် ဤပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိ သဘောတူလက်ခံခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၈-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၄)ရပ်နားကြောင်းနှင့် အစည်းအဝေး (၈၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၈၄) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၅) ရပ်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄) ရက်မြောက်နေ့ ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**